နုံသမာဓိကောင်စီ

ခုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

ခုံအဖွဲ့

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၄၀/၂၀၂၂)

| | |
|---|---|
| ဦးတင်အောင် (ခ) Krishna (အလုပ်သမား)<br>အမှတ် (၃၆)၊ အောင်တော်မူလမ်း၊ စမ်းချောင်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |
| နှင့် | |
| Mr. Aroran Gulshan (Country Head) (အလုပ်ရှင်)<br>Dr. Reddy's Laboratories Ltd (Yangon Branch)<br>ဦးအောင်မျိုးကျော် (ဥပဒေအကြံပေး )<br>(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊<br>အခန်း (F1 – F5)၊ အဆောင်-အေ၊ ပုလဲကွန်ဒို၊<br>ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ အဆောင်-အေ၊ အခန်း (F1 – F5) ရှိ Dr. Reddy's Laboratories Ltd (Yangon Branch) Mr. Aroran Gulshan (Country Head) (အလုပ်ရှင်) ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးအောင်မျိုးကျော် (ဥပဒေအကြံပေး) နှင့် ဦးတင်အောင် (ခ) Krishna တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ဗဟန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အဆိုပါအမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

၂။ ခုံသမာဓိအဖွဲ့သည် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာ၊ လစာဆိုင်ရာစာရွက်စာတမ်းများ၊ စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်ခဲ့ပါသည်။

ကောက်ချက်။ တောင်းဆိုသူ ယာဉ်မောင်း အလုပ်သမား ဦးတင်အောင် (ခ) Krishna တောင်းဆိုသော နစ်နာကြေးအပြည့် ရသင့်/ မသင့်။

ဆုံးဖြတ်ချက်။ တောင်းဆိုသူ ယာဉ်မောင်း အလုပ်သမား ဦးတင်အောင် (ခ) Krishna တောင်းဆိုသော နစ်နာကြေးရလိုက်ခွင့်မရှိကြောင်း ဆုံးဖြတ်သည်။

<u>အမှုဖြစ်စဉ်အကျဉ်းချုပ်</u>

၃။ အဆိုပါအငြင်းပွားမှုတွင် ယာဉ်မောင်း အလုပ်သမား ဦးတင်အောင် (ခ) Krishna သည် Dr. Reddy's Laboratories Ltd (Yangon Branch) တွင် ယာဉ်မောင်းတာဝန်ထမ်းဆောင်ခဲ့ရာ ၆-၅-၂၀၂၂ ရက်နေ့မှစ၍ ယာဉ်မောင်းတာဝန်မှ နားခွင့်ပြုပါရန် ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ကုမ္ပဏီသို့ တင်ပြခဲ့ခြင်းကြောင့် ကုမ္ပဏီမှ ဦးတင်အောင် (ခ) Krishna အား ကရုဏာကြေးအဖြစ် နစ်နာကြေး (၃) လစာ နှင့် နိုတစ်ကြေးတစ်လစာ၊ စုစုပေါင်း (၄) လစာပေးခဲ့သော်လည်း ဦးတင်အောင် (ခ) Krishna မှ နစ်နာကြေးရရှိမှုနည်း၍ နစ်နာကြေးအပြည့်အဝရလိုသဖြင့် ဗဟန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ ရုံးအဆင့်ဆင့်တို့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသောကြောင့် အလုပ်သမား ဦးတင်အောင် (ခ) Krishna မှ အယူခံလျှောက်ထားတင်ပြလာခြင်းအပေါ် ခုံသမာဓိကောင်စီသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၂ (က) အရ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အား ၂-၁၁-၂၀၂၂ ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၁၉၈/၂၀၂၂) ဖြင့် ခုံသမာဓိကောင်စီ၏ အမှုအမှတ် (၄၀/၂၀၂၂) အား ကြားနာစစ်ဆေးရန် ဥက္ကဋ္ဌ ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးသန်းမောင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးသိန်းကြွယ် (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုကို စစ်ဆေးရာတွင် ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၃ (က) အရ "သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်" ဟူသော ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါထိန်းချုပ်ရေး၊ တားဆီးကာကွယ်ရေးကာလဖြစ်၍ COVID-19 ရောဂါ ကူးစက်မှုမဖြစ်စေရန် ကာကွယ်သည့်အနေဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ အမှုအား ခိုင်မာသည့် သက်သေ၊ ထွက်ဆိုချက်များ၊ အထောက်အထားများအပေါ် အခြေခံ၍ ခုံအဖွဲ့၏ ဆံုးဖြတ်တံတရားဖြင့် ၃-၁၁-၂၀၂၂ ရက်နေ့တွင် စစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

ကောက်ချက်။ တောင်းဆိုသူ ဦးတင်အောင် (ခ) Krishna (အလုပ်သမား) အား ရသင့်ရထိုက်သည့် နစ်နာကြေးများခံစားခွင့်ပေးရန် သင့်/ မသင့် နှင့် အလုပ်ရှင်မှ ထုတ်ပေးထားသည့် နစ်နာကြေးများအား ခံစားခွင့် ပြုသင့်/ မသင့်။

<u>စစ်ဆေးတွေ့ရှိချက်</u>

၅။ ယာဉ်မောင်း ဦးတင်အောင် (ခ) Krishna သည် Dr. Reddy's Laboratories Ltd ၏ ယာဉ်မောင်းဝန်ထမ်းဖြစ်ကြောင်းမှန်ကန်ပြီး Mr. D Vijaya Prabu ထံတွင် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ၂၀၀၀ ပြည့်နှစ်အထိ၊ Mr. Karun Gaur ၂၀၀၀ ပြည့်နှစ် – ၂၀၀၆ ခုနှစ်ထိလည်းကောင်း၊ Mr. Satyendra Kumar ထံတွင် ၂၀၀၆ ခုနှစ် – ၂၀၀၉ ခုနှစ်၊ Mr. Rejeev Rawal ထံတွင် ၂၀၀၉ ခုနှစ်– ၂၀၁၆ ခုနှစ်၊ Mr. Gulshan Arora ထံတွင် ၂၀၁၆ ခုနှစ်မှ ၅-၅-၂၀၂၂ ခုနှစ်အထိ ယာဉ်မောင်းအဖြစ် ကာလရှည်တာဝန်ထမ်းဆောင်ခဲ့ကြောင်း ထွက်ဆိုထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အလုပ်ရှင်သည် ၂၀၁၄ ခုနှစ်မှစ၍ ဘဏ်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပြီး လစာငွေများကို AYA Bank မှတဆင့် ပေးချေခဲ့ပါသည်။ လစာငွေများကို USD $ ဖြင့် ခံစားခွင့်များကို ပေးချေခဲ့ပါသည်။ ၎င်းသည် ကုမ္ပဏီတွင် ယာဉ်မောင်းအဖြစ် အကျင့်စာရိတ္တပျက်ပြားခြင်းမရှိဘဲ တာဝန်ထမ်းဆောင်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ၎င်းသည် ကုမ္ပဏီ၏ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်အရ ၁-၁၁-၂၀၁၅ ရက်နေ့မှစတင်၍ Dr. Reddy's Laboratories Ltd (Yangon Branch) တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး အလုပ်ရှင်၏ တင်ပြချက်အရ ယခင်က Hero International Enterprise Limited တွင် လူမှုဖူလုံရေးအာမခံစီစစ်ရေးကပ်ပြားတွင် အဆိုပါ Hero International Enterprise Limited ဟု ဖော်ပြထားသဖြင့် Dr. Reddy's Laboratories Ltd (Yangon Branch) တွင် ထမ်းဆောင်ခဲ့သော ခုနှစ်နှင့် ကွဲလွဲမှုရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ယာဉ်မောင်း ဦးတင်အောင် (ခ) Krishna အနေဖြင့်လည်း ၅-၅-၂၀၂၂ ရက်နေ့တွင် ၎င်း၏ ကျန်းမာရေးအခြေအနေကြောင့် ၆-၅-၂၀၂၂ ရက်နေ့မှစ၍ ယာဉ်မောင်းတာဝန်မှ နားခွင့်ပြုပါရန် ၎င်း၏ သဘောဆန္ဒအရ ထွက်စာတင်ပြခဲ့သဖြင့် ကုမ္ပဏီအနေဖြင့် ဥပဒေအရ ၎င်းအား အလုပ်ထုတ်/ ရပ်စဲနစ်နာကြေးများ ခံစားခွင့်များပြုခဲ့ခြင်းမရှိသော်လည်း ကရုဏာကြေးကို ခံစားခွင့်ပြုခဲ့ကြောင်း၊ နှစ်ရှည်လများ (လုပ်သက် ၆ နှစ် ၆ လ) ရှိသည့်အတွက် ၎င်း၏ ဆန္ဒအလျောက် အလုပ်မှနားယူထွက်ခွာခဲ့သော်လည်း အလုပ်ရှင်သည် ကရုဏာကြေးငွေအဖြစ် နစ်နာကြေး (၃) လစာနှင့် နို့တစ်ကြေးတစ်လစာ စုစုပေါင်း ၆,၄၃၀,၈၉၀ အား ဦးတင်အောင် (ခ) Krishna ၏ Bank Account တွင် ထည့်ပေးခဲ့ကြောင်း၊ နစ်နာကြေး (၃) လစာ USD $ 2130၊ နို့တစ်ကြေး တစ်လစာ USD $ 710၊ (၅) ရက်လုပ်အားခ USD $ 115၊ စုစုပေါင်း USD $ 3590 ကို မြန်မာ

ကျပ်ငွေနှင့်ညီမျှသော ကျပ် ၆,၆၄၁,၅၀၀/- ၊ အဆိုပါ ငွေများထဲမှ Tax ၂၀၄,၆၁၀/- နှင့် လူမှုဖူလုံရေး ထည့်ဝင်ကြေး ကျပ် ၆,၀၀၀/- စုစုပေါင်း ကျပ် ၂၁၀,၆၁၀.- တို့ကို ဖြတ်တောက်ပြီး အသားတင်ကျန်ငွေ ၆,၄၃၀,၈၉၀/- အား ဦးတင်အောင် (ခ) Krishna ၏ Bank Account တွင် ထည့်သွင်းခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး၊ နုံသမာဓိအဖွဲ့၏ စာတွင်ဖော်ပြထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

<u>သုံးသပ်ချက်</u>

၆။ အလုပ်မှ စုတ်ထွက်ရပ်နားခဲ့သော ယာဉ်မောင်း ဦးတင်အောင် (ခ) Krishna သည် ၁-၁၁-၂၀၁၅ ရက်နေ့မှ ၅-၅-၂၀၂၂ ရက်နေ့အထိ လုပ်သက် ၆ နှစ် ၆ လရှိသည့်အတွက် အကြောင်းတစ်ရပ်ရပ်ဖြင့် အလုပ်မှထုတ်ပယ်ခံရပါက နစ်နာကြေး (၅) လစာ ရရှိမည်ဖြစ်ပါသည်။ ၎င်းသည် Dr. Reddy's Laboratories Ltd (Yangon Branch) ၏ အလုပ်ရှင် Mr. Aroran Gulshan လက်ထက်တွင် ယာဉ်မောင်းအဖြစ် ၆ နှစ် ၆ လ လုပ်ကိုင်ခဲ့သည့်အတွက် ၎င်း၏ဆန္ဒအရ လုပ်ငန်းခွင်မှ ရပ်နားကြောင်း တင်ပြခဲ့သဖြင့် ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးမရသင့်သော်လည်း နှစ်ရှည်လများ (၆ နှစ် ၆ လ) ဆောင်ရွက်ခဲ့သည့်အတွက် ကရုဏာကြေး (၄) လစာ ရသင့်သည်ဟု သုံးသပ်ပါသည်။ ဤငွေကြေးမှလွဲ၍ ဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခဲ့ခြင်းကြောင့် မည်သည့်နစ်နာကြေးမျှ တောင်းဆိုရထိုက်ခွင့်မရှိကြောင်း သုံးသပ်ပါသည်။ အလုပ်သမား ဦးတင်အောင် (ခ) Krishna သည် အသက်အရွယ်အရ နားလေးခြင်း၊ မျက်စိမှုန်ခြင်းများဖြစ်၍ ကျန်းမာရေးနှင့် အလုပ်အကိုင်တို့သည် အဆင်ပြေဖွယ်ရာမရှိဘဲ ကျန်းမာရေးကြောင့် ယာဉ်မောင်းခြင်းကို ထိခိုက်နိုင်ကြောင်း သုံးသပ်ပါ သည်။ ထို့အပြင် စစ်ဆေးတွေ့ရှိချက်များအရ Dr. Reddy's Laboratories Ltd ၏ လုပ်ငန်းခွင်တွင် လာရောက်တာဝန်ထမ်းဆောင်သော အရာရှိအသီးသီးထံတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်ဖြစ်၍ ၎င်း၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ နုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ခဲ့သည့် ကရုဏာကြေးခံစားခွင့်သည် လုပ်ခ (၄) လစာ USD $ ဖြင့် ၆,၄၃၀,၈၉၀/- ကို အလုပ်ရှင်မှ ယာဉ်မောင်း ဦးတင်အောင် (ခ) Krishna အား ၃၁-၅-၂၀၂၂ ရက်နေ့တွင် ခံစားခွင့်ပေးခဲ့ခြင်းကို ထပ်မံ၍တောင်းခံရန် မသင့်လျော်သည်ဟု သုံးသပ်ပါသည်။ ယခင်၂၀၁၅ ခုနှစ်မတိုင်ခင် လုပ်ကိုင်ခဲ့သော Hero International Enterprise Limited ၏ လူမှုဖူလုံရေးထည့်ဝင်ကြေးမှတ်တမ်းအရ သီးခြားအလုပ်ဌာနနှင့် အလုပ်ရှင်ဖြစ်၍ လုပ်သက်ကာလများကို ဆက်စပ်စဉ်းစားရန်မလိုအပ် ကြောင်း သုံးသပ်ပါသည်။ အလုပ်ရှင်မှ ကရုဏာကြေးငွေအဖြစ် နစ်နာကြေး (၃) လစာနှင့် နို့တစ်ကြေး (၁) လစာ၊ စုစုပေါင်း (၄) လစာတို့ကို ဦးတင်အောင် (ခ) Krishna ၏ Bank Account ထဲတွင် ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း တွက်ဆိုချက်များအရ ယာဉ်မောင်း ဦးတင်အောင် (ခ) Krishna သည်

အဆိုပါ ပေးသွင်းထားသည့်ငွေများကို ထုတ်ယူခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ စစ်ဆေးမေးမြန်း ထွက်ဆိုချက်များကို သုံးသပ်ပါသည်။ သို့ဖြစ်၍ နောက်ထပ်ရပိုင်ခွင့် တစ်စုံတစ်ရာ ရထိုက်ခွင့်မရှိတော့သည်ဟု အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၅-၁၀-၂၀၂၂ နေ့စွဲပါ အငြင်းပွားမှုအမှတ် (၄၉/၂၀၂၂) အပေါ် ချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

ဦးသန်းမောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးသိန်းကြွယ်
အဖွဲ့ဝင်